
# ဗစ်တိုးရီးယားကလေးဘေးကင်းရေးစံနှုန်းများ

ရှင်းလင်း
စွာရေးထားသော
အကျဉ်းချုပ်

## ၁







သင့်အဖွဲ့အစည်းသည် ဌာနေကျွဲသား ကလေးများအား လှိုက်လှဲစွာ ကြိုဆိုပါသည်။ ကလေးများ၏ ဓလေ့ထုံးတမ်းစဉ်လာများ ဖော်ပြနိုင်ရန် နှင့် ရပိုင်ခွင့်များ ရရှိစေရန် သင် ထောက်ခံပံ့ပိုးပါသည်။ အတန်းအစားခွဲခြားမှုကို သင် ခွင့်မပြုပါ။

## ၂

ကလေးဘေးကင်းရေးသည် သင့်အဖွဲ့အစည်းရှိ အဆင့်တိုင်းရှိ လူတိုင်းအတွက် အရေးကြီးပါသည်။ ကလေးသူငယ် နှိပ်စက်ညှဉ်းပန်းမှု ထိခိုက်နစ်နာမှုများမှ ကင်းဝေးစေရန် သင် မည်ကဲ့သို့ ရှာဖွေ၊ ရှောင်ရှား၊ ရပ်တန့်ရန်နိုင်သည်တို့ကို သင်မှတ်တမ်းတင်ထားပါသည်။



## ၃

သင့်အဖွဲ့အစည်းသည် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုမှ ကင်းဝေးစေရန်အတွက် ၎င်းတို့၏ ရပိုင်ခွင့်များကို သိရှိစေရန် ပံ့ပိုးပေးပြီး၊ အကြောင်းကြားကာ ပါဝင်ဆောင်ရွက်စေပါသည်။ သင်သည် သူတို့ကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန်နှင့် ၎င်းတို့အပေါ် ထိခိုက်မှုရှိနိုင်သော ဆုံးဖြတ်ချက်များ တွင် ပါဝင်ရန် ကူညီပေးသည်။




## ၄

သင့်အဖွဲ့အစည်းသည် သင်လုပ်ဆောင်သည်များအပြင် ကလေးများ နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှ ကင်းဝေးစေရန် သင် စောင့်ရှောက်ပေးနေပုံတို့ကို မိသားစုများနှင့် လူမှု အသိုင်းအဝိုင်းအား ပြောပြပါသည်။ ကလေးအား ထိခိုက်စေနိုင်မည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် မိသားစုများအား ပါဝင်စကားပြောခွင့်ရရန် ကူညီပေးပါသည်။



## ၅



သင့်အဖွဲ့အစည်းသည် ကလေးတိုင်းတွင် ကွဲပြားခြားနားပြီး မတူညီသောလိုအပ်ချက်များရှိသည်ကို နားလည်ပါသည်။ ကလေးများ လိုအပ်သော သတင်းအချက်များနှင့် အကူအညီများကို ရရှိစေရန်သင် သေချာအောင် ပြုလုပ်ပါသည်။

## ၆

ဝန်ထမ်းများသည် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှ ကင်းဝေးစေရန် လုပ်ဆောင်ရမည်များကို သိရှိပါသည်။ ဝန်ထမ်းများသည် ကလေးဘေးကင်းရေးဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်းနှင့် မျှဝေခြင်းများ ပြုလုပ်ကြပါသည်။ ကလေးများနှင့် အတူ အလုပ်လုပ်သော ဝန်ထမ်းများအား လိုအပ်သော နောက်ကြောင်း ရာဇဝင်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သည်။




## ၇

ကလေးများ၊ မိသားစုများသည် တိုင်ကြားချက်ပြုလုပ်ရမည်နည်းကို သိရှိကြပြီး တိုင်ကြားမှုသောအခါ မည်သို့ဖြစ်မည်ကို သိရှိကြသည်။ သင့်ဝန်ထမ်းများသည် တိုင်ကြားမှုများကို မည်ကဲ့သို့ သေသေချာချာ ဖြေရှင်းရမည်ကို သိပါသည်။



## ၈

သင့်အဖွဲ့အစည်းသည် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှ ကင်းဝေးစေရန် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးပြီး ပံ့ပိုးမှုပေးပါသည်။ သင့်ဝန်ထမ်းများသည် ကလေးသူငယ်များအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှု၏ လက္ခဏာများနှင့် နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှုပြဿနာများ ဖြေရှင်းနည်းကို သိပါသည်။




## ၉

သင့်အဖွဲ့အစည်းသည် သင့်လုပ်ငန်းများ၊ ကန့်သတ်ချက်များနှင့် လုပ်ဆောင်ချက်များကို အသုံးပြုသည့်အခါ ကလေးများ ဘေးကင်းကြောင်း သေချာစေပါသည်။ ကလေးများ အွန်လိုင်းပေါ်တွင် ရှိနေချိန်လည်း ပါဝင်သည်။



## ၁၀

သင့်အဖွဲ့အစည်းသည် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှ ကင်းဝေးစေမည့် နည်းလမ်းများကို စစ်ဆေးပြီး မြှင့်တင်ပေးပါသည်။



## ၁၁

သင့်အဖွဲ့အစည်းသည် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ထိခိုက်နစ်နာမှုများမှ ကင်းဝေးအောင် ထိန်းသိမ်းထားပုံ အကြောင်း မူဝါဒများကို ရေးသားထားသည်။ ထိုမူဝါဒများသည် နားလည်လွယ်ပြီး၊ ဝန်ထမ်းများအားလုံးက လိုက်နာကြပါသည်။




ထပ်လောင်းသိရှိလိုပါက၊ ကလေးများနှင့် လူငယ်များအတွက်ကော်မရှင်သို့ ဆက်သွယ်ပါ

**www.ccyp.vic.gov.au**

COMMISSION FOR CHILDREN AND YOUNG PEOPLE